ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (14-9-2010) (၆၅၂၁)

ဂါရဝပြုကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်၌ တိုင်းရင်းသား ရိုးရာဝတ်စုံ ဝတ်ဆင်ထားသည့် ကလေးငယ်များက ဂါရဝပြု ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ကြည့်ရှုလေ့လာ

နေပြည်တော်   စက်တင်ဘာ   ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ကုန်စည်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းသို့ ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်ဆင်ထားသည့် ကလေးငယ်များက ဂါရဝပြုကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်ရှိ ပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

The Mirror
၁၄-၉-၂၀၁၀
(အင်္ဂါနေ့)

မြန်မာ-တရုတ်ဆက်ဆံရေး အရှိန်အဟုန်တိုးတက် နှစ်နိုင်ငံ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၇ရက်က ချစ်ကြည်ရေးခရီး သွားရောက်သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား စက်တင်ဘာ ၉ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးအရှိန်အဟုန် တိုးတက်လာမှုများ၊ နှစ်နိုင်ငံသဘောတူ ချုပ်ဆိုခဲ့သည့်လုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်နေမှုများ၊ မဟာဗျူဟာမြောက်ဆက်ဆံရေး ဆက်လက်ဖော်ဆောင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ကြသည်။

ထို့နည်းတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံစက်မှုကဏ္ဍထူထောင်ရာတွင် ကူညီဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေ၊ တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အားပေးကူညီမည့် အခြေအနေများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရေမြေချင်း ဆက်စပ်လျက်ရှိရာ ရှေးပဝေသဏီကပင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံမှုများ ရှိခဲ့ကြသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ထွန်းလာခဲ့သည်။

ယခု ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေး၊ ရေအားလျှပ်စစ်၊ စက်မှုအခြေခံ အဆောက်အအုံနှင့် စိုက်ပျိုးရေးကဏ္ဍ စသည့်ကြီးမားသည့် စီမံကိန်းများကို အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်လာနိုင်ခဲ့ပေပြီ။

မြန်မာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ခေါင်းဆောင်အဆက်ဆက် ပြုစုပျိုးထောင် ကြိုးပမ်းမှုကြောင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးစံနမူနာကို ချမှတ်နိုင်ခဲ့ပြီ။ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒကို အခြေခံလျက်ရှိရာ နှစ်နိုင်ငံဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်ရေး ကြိုးပမ်းသွားနိုင်ကြမည်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က Avoidance of Double Tax Treaties and Witholding Tax ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မေးမြန်းလိုသည့် မေးခွန်းများကို စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့ ကြိုတင်ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများ အနေဖြင့်သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် စက်တင်ဘာ ၁၀ ရက်တွင် ညောင်ဦးတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ချီးမြှင့်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကာ တပ်နယ် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာ၌ စပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သူနာပြုစုမှုနှင့် ဆေးပညာဆွေးနွေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းနှင့် Mo Asia Co., Ltd. (DUMEX)တို့ ပူးပေါင်းကျင်းပသည့် အသင်းဝင် သူနာပြုများ၊ သားဖွားများနှင့် ကျန်းမာရေး ဆရာ၊ ဆရာမများအတွက် သူနာပြုစုမှုပညာရည် ဖွံ့ဖြိုးတိုးတက်ရေး၊ သူနာပြုစုမှုနှင့် ဆေးပညာဆွေးနွေး ဟောပြောပွဲ (Building Better People Seminar)ကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ) ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဆေးသိပ္ပံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်နွဲ့နွဲ့ခင်က အမှာစကား ပြောကြားပြီး Mo Asia Co., Ltd. (DUMEX) မှ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းသို့ လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကိုလက်ခံသည်။ ထို့နောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါ်ရင်မြက သူနာပြုသားဖွားနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ လိုက်နာစောင့်ထိန်း ကျင့်ကြံရမည့် ကျင့်ဝတ် (Nursing Ethics) အကြောင်းကို လည်းကောင်း၊ အသင်းအတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ရီငွေးက စံပြုလိုက်နာတတ်သိကျွမ်းကျင်နေရမည့် သူနာပြုစုမှု အရည်အသွေး (Nursing Care Standard) အကြောင်းကို လည်းကောင်း၊ Mo Asia Co.,Ltd. (DUMEX) မှ Senior Nutrition Advisor ဒေါက်တာ ဒေါ်ထက်ထက်အောင်က ကလေးငယ်များ ကိုယ်ခံစွမ်းအားမြင့်မား ဉာဏ်ရည်ထက်မြက် ဖွံ့ဖြိုးတိုးတက်ရေး (Baby's Development) အကြောင်းကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် Five Star လူရွှင်တော်အဖွဲ့က ရွှင်လန်းကျန်းမာပျော်ရွှင်စရာ ကဏ္ဍဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး Mo Asia Co., Ltd. (DUMEX)မှ တာဝန်ရှိသူများနှင့် DUMEX Brand Ambassador ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီလူမင်းတို့က ဉာဏ်စမ်းပဟေဠိ အဖြေညှိခြင်း၊ ပျော်ရွှင်စရာ ဂိမ်းကစားခြင်းနှင့် ကံစမ်းမဲကံထူးရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ)၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ သူနာပြုနှင့် သားဖွားဆိုင်ရာ ကျန်းမာရေး ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၁၅၀၀ကျော် တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါ်ရင်မြ ကျန်းမာရေး ဆရာ၊ ဆရာမများအား ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း ပုဇွန်တောင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်းတွင် ပထမဆုရ မကေရီထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)



ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသော မြို့ဦးကျောက်ချောလမ်း ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် လမ်းပခုံးမြေဖို့ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်နှင့်တွေ့ဆုံ

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းအား တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde နှင့် စက်တင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် (၇)၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingdeနှင့်အတူ လက်ထောက်စစ်ဦးစီးချုပ် Lt-Gen Qi Jianguo၊ ထောက်လှမ်းရေးမှူးချုပ် Maj - Gen Yang Hui၊ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး Maj- Gen Quan Lihua နှင့် အာရှရေးရာ ဗျူရိုမှူးရုံးနှင့် နိုင်ငံခြားဆက်ဆံရေးရုံးမှ Sr. Colonel Wu Xiao Yi တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အပြန်အလှန်ပေးအပ်

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့ ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၇) ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရွှေလီ-ကျောက်ဖြူ စကြံ့လမ်းမကြီးစီမံကိန်း ပူးတွဲလုပ်ငန်းအဖွဲ့ ပထမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ဦးဆောင်သောအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ဦးဆောင်သော အဖွဲ့တို့သည် ရွှေလီ-ကျောက်ဖြူ စကြံ့လမ်းမကြီးစီမံကိန်း ပူးတွဲလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ရွှေလီ-ကျောက်ဖြူ စကြံ့လမ်းမကြီးစီမံကိန်း ပူးတွဲလုပ်ငန်းနှင့် စပ်လျဉ်း၍ Master Plan စတင်ရေးဆွဲရန် အရေးကြီးကြောင်း တရုတ်ဘက်မှ အကြံပြုချက်များကို မြန်မာဘက်မှ မူအရ သဘောတူကြောင်း၊ Master Plan ရေးဆွဲပြီးမှ အပိုင်းလိုက် အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ဆောင်ရွက်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးချယ်ရာတွင် ကျောက်ဖြူ-မကွေးအပိုင်းကို ဖြစ်နိုင်စွမ်း လေ့လာချက် ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုသည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မူဆယ်မြို့နယ် ဦးစီးဌာနမှူးရုံး၌ မူဆယ်ခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုသည် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် နမ့်ခမ်းမြို့နယ် ဦးစီးဌာနမှူးရုံး၌လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကွတ်ခိုင်မြို့နယ် ဦးစီးဌာနမှူးရုံး၌လည်းကောင်း ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဒေသခံ ရပ်ကွက်၊ ကျေးရွာ ကိုယ်စားလှယ်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းခြီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၈)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၁၅)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

သက်ရှိ လောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO.,LTD. မှ ထုတ်လုပ်သည့် နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေးပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် HUAWEI TECHNOLOGIES CO.,LTD. သို့ ရောက်ရှိကြရာ HUAWEI ကုမ္ပဏီဥက္ကဋ္ဌ Mrs. Sun Yafang နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် HUAWEI TECHNOLOGIES CO.,LTD.မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေး ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား HUAWEI TECHNOLOGIES CO., LTD. အစည်းအဝေးခန်းမ၌ HUAWEI TECHNOLOGIES CO.,LTD. ဥက္ကဋ္ဌနှင့် အဖွဲ့က ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ရှေးဦးစွာ HUAWEI TECHNOLOGIES ကုမ္ပဏီဥက္ကဋ္ဌက ကုမ္ပဏီမှ ထုတ်လုပ်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရည်အသွေးမြင့် ထုတ်လုပ်လျက်ရှိသည့်အခြေအနေကို ဦးစွာမိတ်ဆက်တင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့အား Mr. Yang Shu က HUAWEI TECHNOLOGIES ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆက်သွယ်ရေးပစ္စည်းများ၏ စွမ်းရည်၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် အသုံးပြုမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ကုမ္ပဏီဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် နည်းပညာ တိုးတက်မှုနှင့်အညီ ကုန်ပစ္စည်းများ အရည်အသွေးမြင့်တင်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် နိုင်ငံတကာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကို မေးမြန်းသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ရတနာပုံတယ်လီပို့ ဖွင့်လှစ်ပြီး IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသဖြင့် ကုမ္ပဏီမှ IT နည်းပညာဆိုင်ရာ သင်ကြားပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ ကုမ္ပဏီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် HUAWEI TECHNOLOGIES CO., LTD. မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Wang Sheng Li က ဝန်ကြီး ဦးသိန်းဇော်ထံပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် ရှန်းကျန့်ပြတိုက်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒုတိယပြတိုက်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ပြတိုက်တွင် ပြသထားသည့် ရှန်းကျန့်မြို့သမိုင်းကြောင်းနှင့် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်း၍ ရှန်းကျန့်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယပြတိုက်မှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်ပြတိုက်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် ဖူးထရန့်ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မအူပင်-တွံတေး-လှိုင်သာယာ ဖြတ်လမ်းဖောက်လုပ်ရေး စည်ပင်ဒုတိယအင်ဂျင်နီယာချုပ် စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ မအူပင်-တွံတေး- လှိုင်သာယာဖြတ်လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ရန်ကုန်-လှိုင်သာယာ- တွံတေး- ကွမ်းခြံကုန်းလမ်း၏ မိုင်တိုင်အမှတ်(၉/၂)အနီးမှ ဖြတ်ပြီး တွံတေးတူးမြောင်းနှင့်အပြိုင် တွံတေးတစ်ဖက်ကမ်းရှိ မြဂိုးကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်နေသည့် မြေသားအကျယ် ပေ ၃၀၊ အမြင့်လေးပေရှိသော မြေသား တာပေါင်တင်ခြင်းနှင့် လမ်းချဲ့ခြင်းတို့အား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို ကွင်းဆင်း စစ်ဆေးသည်။

ယင်းနောက် ဒုတိယအင်ဂျင်နီယာချုပ်သည် ယခင်ဖောက်လုပ်ခဲ့သောဒေသဖွံ့ဖြိုးရေး လမ်းအူကြောင်းအား အခြေခံ၍ သတ်မှတ်ဖောက်လုပ်သွားမည့် လမ်းအူကြောင်း အခြေအနေတို့ကို အသေးစိတ်စစ်ဆေးသည်။

ထို့နောက် ယင်းဒေသဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်ရှိ တံတားငါးစင်းနှင့် ဆောက်လုပ်မည့်နေရာများသို့ သွားရောက်၍ အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းလမ်းကြောင်းပေါ်တွင် ပေ ၁၈၀ တံတားတစ်စင်း၊ ပေ ၇၀ နှင့် ၎င်းအထက် တံတားနှစ်စင်း၊ တံတားငယ်သုံးစင်းနှင့် ရေပြွန်လေးစင်း တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရပြီး တွံတေးမြို့ တစ်ဖက်ကမ်း မြဂိုးကျေးရွာမှ တွံတေးကြိုးတံတားအထိ ဒေသဖွံ့ဖြိုးရေးလမ်း အရှည် ၈ မိုင် ၃ ဖာလုံရှိလမ်းကို ၁၈ ပေ အကျယ်ရှိသော ကတ္တရာလမ်းအဆင့်ထိ ရာသီမရွေး သွားလာနိုင်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူ ဖြစ်စေရန် လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအတွက် နိုင်ငံတကာ မြားပစ်ပြိုင်ပွဲ အတွေ့အကြုံကောင်းများရရှိပြီး ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှု အခြေအနေကောင်းများ ရရှိစေရန် အဓိကရည်ရွယ်ချက်ဖြင့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ (4th South East Asian Archery Open Championships 2010)ကို စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံ မြားပစ်အားကစားပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။အဆိုပါပြိုင်ပွဲ၏ ပြိုင်ပွဲအမျိုးအစားမှာ Recurve ပြိုင်ပွဲတွင် တစ်ဦးချင်း မီတာ(၇၀)အမှတ်ပေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ အသင်းလိုက်အမှတ်ပေး ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)နှင့် Mix Team ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)တို့ ပါဝင်မည်ဖြစ်သည်။

ပါဝင်

Compound ပြိုင်ပွဲတွင် တစ်ဦးချင်း မီတာ(၇၀) အမှတ်ပေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)နှင့် Mix Team ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) တို့ပါဝင်မည်ဖြစ်သည်။

ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ လာအို၊ စင်ကာပူ၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် တရုတ် ACFIC ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်၊ အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Federation of Industry and Commerce (ACFIC) မှ Mr. Quan Zhezhu ခေါင်းဆောင်သည့် အဖွဲ့ဝင် ၂၂ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး၏ ဇနီးနှင့်အဖွဲ့ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ အလှူငွေလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ ရောက်ရှိပြီး နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေကျပ် ၄၀၀၀၀၀၊ အထွေထွေရောဂါကုသဆောင်၊ အရိုးအကြောအဆစ်ကုသဆောင်၊ ခါတ်မှန်နှင့် ပုံရိပ်ဖော်ရောဂါရှာဖွေရေးဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်းဌာနတို့သို့ အလှူငွေကျပ် ၂၀၀၀၀၀ စီ စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာဦးသောင်းတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုလ်ကြီးထွန်းဦး(ငြိမ်း) (ကြေးမုံသတင်းစာတိုက်)-ဒေါ်ချိုချိုသန်းတို့၏ သမီး မမိုးပြည့်ပြည့်ကျော် Grade (1)B၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အမက (၁၆) ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ကျောင်းမုခ်ဦး၊ ကျောင်းသံတံခါးမကြီး၊ မုခ်ဦးရှေ့ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ် ခြောက်သိန်းလေးသောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်ပြတိုက်တွင် ပြသထားသည့် ရှန်းကျန့်မြို့ သမိုင်းကြောင်းနှင့် အစိုးရနှင့် ပြည်သူတို့ပူးပေါင်း၍ ရှန်းကျန့်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းပြကွက်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin နှင့်အတူ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၈။ “လက်တွေ့ပြချင်လို့”
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၄၀ ၄။ “အလျော်အစား”
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
- ၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၃၅ ၈။ “မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း အကြောင်းသိကောင်းစရာ”
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာဆန်သူ---ကိုယ့်ချစ်သူ” (အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံတော်အတွက်ထာဝရသစ္စာ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အဆိပ်သင့်တဲ့အချစ်” (ဒုတိယတွဲ)(အပိုင်း-၂၇)**
- ၂၁။ **“ရုပ်ရှင်ပဟေဠိ”**
- ၂၂။ အစီအစဉ်ပြီး၏။

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ယနေ့ညနေ ၃နာရီတွင် အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် ရှေးဦးစွာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းက အမှာစကားပြောကြားပြီး မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဒေါက်တာရွှေပြည်စိုးက ယာဉ်မောင်းသူများ လက်စွဲနှင့် လမ်းအသုံးပြုသူများ လက်စွဲစာစောင်ပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန် ရှောင်ရန်အချက်များကိုအသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက်ဟောပြောပွဲသို့တက်ရောက်လာသောအင်္ဂလိပ်စာဌာနတွဲဖက်ပါမောက္ခ ဦးဇော်ဝင်းက အကြံပြုဖြည့်စွက်ဆွေးနွေးပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီအတွင်းရေးမှူး ဂါရဝပြုတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး Mr. Yu Zheng Shen သည် စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် ရှန်ဟိုင်းမြို့ ရှီးကျောင်း နိုင်ငံတော်ဧည့်ဂေဟာရှိ ကွန်ဖရင့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီအတွင်းရေးမှူး Mr.Yu Zheng Shen ရှန်ဟိုင်းမြို့ ရှီးကျောင်း နိုင်ငံတော်ဧည့်ဂေဟာရှိ ကွန်ဖရင့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး Mr. Yu Zheng Shen နှင့်အတူ အဆင့်မြင့် အရာရှိကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့ တက်ရောက်ကြသည်။

ရောက်ရှိ

ညနေပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ရှန်ဟိုင်းမြို့ ရှီးကျောင်း နိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ည ၇ နာရီခွဲတွင် ရှန်းကျန့် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ရှန်းကျန့် ဒုတိယမြို့တော်ဝန် Mr. Zhang Wen နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုမည့် ဖူးထရန့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)

ဝန်ကြီး သူရဦးမြင့်မောင် အရာထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၃

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

နှုတ်ဆက်အားပေး

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါသင်တန်းသို့ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းသင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ ၂၀၁၀ ခုနှစ် တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို အောက်တိုဘာ ၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

စက်တင်ဘာ ၁၁ ရက်က လှိုင်မြို့နယ် အလက(၆) ၂၀၀၉-၂၀၁၀ ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ စတုတ္ထတန်း(ပထမဆု)နှင့် နှစ်စဉ် ငါးနှစ်ဆက်တိုက်ဆုရရှိသော မမေမြတ်ခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်ဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကျေးလက်ရေပေးရေး ကွင်းဆင်းဆောင်ရွက်

ဖားဆောင်း စက်တင်ဘာ ၁၃

ကယားပြည်နယ် ဖားဆောင်းမြို့နယ် အမှုဆောင်အရာရှိ ဦးသိန်းထိုက်သည် ဩဂုတ် ၂၇ ရက်နေ့တွင် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာ အများသုံးသောက်သုံးရေကန်သို့ ရေဝင်ရောက်မှုအခြေအနေနှင့် ကျေးရွာတွင်း ရေသုံးစွဲမှုအခြေအနေအား ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် သံတွဲမြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် သာယာဝတီမြို့တွင် ၂ ဒသမ ၀၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၄ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရှန်းကျန့်မြို့တော်ဝန် လာရောက်ဂါရဝပြု တွေ့ဆုံ

လာရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရှန်းကျန့်မြို့တော်ဝန် Mr.Xu Qin က ရှန်းကျန့်မြို့ရှိ ဖူးထရန့်ရှန်ဂရီလာဟိုတယ် Grand Ballroom(1) ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရှန်းကျန့်မြို့တော်ဝန် Mr. Xu Qin သည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရှန်းကျန့်မြို့ရှိ ဖူးထရန့် ရှန်ဂရီလာဟိုတယ် Grand Ballroom (1) ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ ရှန်းကျန့်မြို့တော်ဝန် Mr. Xu Qin နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ ရှန်းကျန့်အမျိုးသားပြည်သူ့ကွန်ဂရက်ဒုတိယဥက္ကဋ္ဌ Mr. Ji Jusheng၊ ရှန်းကျန့်ဒုတိယမြို့တော်ဝန် Mr. Zhang Wen၊ တရုတ်ကွန်မြူနစ်ပါတီ ရှန်းကျန့်ကော်မတီမှ Mr.Chen Siping နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံပြီးနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့တော်ဝန် Mr. Xu Qin နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရှန်းကျန့်မြို့တော်ဝန်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် ဖူးထရန့်ရှန်ဂရီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ရှန်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာခဲ့ကြသည်။

ပို့ဆောင်နှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ ရှန်းကျန့် ဒုတိယမြို့တော်ဝန် Mr. Zhang Wen၊ စစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေနှင့် ဇနီးတို့ ဦးဆောင်သောအဖွဲ့က ရှန်းကျန့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၁၄-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တောင်တန်းသာသနာပြု
ဆရာတော်ကြီး ဦးဥတ္တမသာရ၏
တရားတော်
(ရတနသုတ်နှင့်
ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(အရှက်တရားလေးတော့ရှိပါ-
သိကြပါ)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(ပုံလုံသီးဝက်သားအစာသွတ်နှင့်
ပဲစင်းငုံဟင်းချို)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on line
(Sweety)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
Current Song
တေးပဒေသာ
၁၂း၄၀ ရွှင်လန်းစေချင်သောတရှင်
(ဒီနေ့တနင်္ဂနွေ)
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ်
(အဌမတန်း-အထွေထွေသိပ္ပံ)
တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ မေတို့တွက်တာ အလုကမ္ဘာ
(ဓာတ်မတည့်ခြင်း)
၅း၁၀ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ညနေခင်းတေးပဒေသာ
၅း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ
အမှတ်စဉ်(၅၇)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ ညနေခင်းတေးပဒေသာ
၆း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁။ မြတ်ဗုဒ္ဓ၏တစ်ရက်တာအတွက်
ဆောင်ရွက်ချက်(၅)ပါးနှင့်
သိမှတ်ဖွယ်ရာအဖြာဖြာ
(ဘဒ္ဒန္တ ဝေဠုရိယ)
၂။ ရဲဝံ့တဲ့သူအောင်ပွဲယူ
(ချစ်နိုင်-စိတ်ပညာ)
၆း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ ဇာတ်လမ်းပမာနားဆင်စရာ
(ကော်ဖီနှစ်ခွက်)
၇း၃၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ တေးစီးရီး
(ဆုတောင်းပြည့်ချိန်-ဗညားဟန်၊
နှင်းဧကရီ)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၉း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

ရေဝတီတံတား(ညောင်တုန်း)တည်ဆောက်နေမှုနှင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်းအခြေအနေတို့ကို ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်နေသော ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါရှိသည့် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားဘိုးပိုင်လုပ်ငန်းများ၊ Cap ခုံနှင့် Shaft တိုင်လုပ်ငန်းများနှင့် သံပေါင်တင်ခြင်းလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများ ကြန့်ကြာမှုမရှိအောင် အမြန်ဆုံးဆောင်ရွက်ရန်၊ တံတားတိုင်လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်းအမြန်ဆုံးပြီးစီးရေး နေ့/ည မပြတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဘိုးပိုင်တူးစက်(၇)စက်ဖြင့် ကျန်ရှိသည့် ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများနှင့် ကုန်းပေါ်တူးခြင်းလုပ်ငန်းများ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုသိမ်မြို့မှ တစ်ဆင့်ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင် ရိပ်သာရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်း(၉၆)မိုင်ကို တာဝန်ယူဆောင်ရွက်သည့် ခရိုင်အဖွဲ့နှင့် ကုမ္ပဏီအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်မြမြဝင်းက ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်း အခြေအနေနှင့် ကုမ္ပဏီအဖွဲ့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် အပိုင်းလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လမ်းကွေ့များ၌ လမ်းညွှန်အမှတ်အသားများ ထားရှိရန်၊ လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများ ဖောက်ပေးရန်၊ မြက်နှင့် ချုံနွယ်များ ရှင်းပေးရန်၊ မြေပျော့သည့် တောင်ကမ်းပါးယံများတွင် ကျောက်စီမြေထိန်းနံရံနှင့် ကွန်ကရစ်ရေမြောင်း ပြုလုပ်ပေးရန်၊ မျက်ကွယ်ကွေ့တောင်စွယ်များ ဖြတ်ထုတ်ပေးရန်နှင့် မိုးတွင်းကာလဖြစ်သည့် အတွက် လမ်းပေါ်တွင် ရေစီး၊ ရေတင်၊ ရေဝပ်ခြင်းမရှိအောင် ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ လှိုင်မြို့နယ် ကျန်းမာရေးကော်မတီ၏ အနီးကပ် စောင့်ရှောက်မှုဖြင့် လှိုင်မြို့နယ်အတွင်းရှိ နာတာရှည်ရောဂါ ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်က လှိုင်မြို့နယ် အလက (၄) မြတ်ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိ ဆရာဝန်ကြီးများက ကဏ္ဍအလိုက် ကျန်းမာရေးရာများ ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင် ၂၀ တို့အား အိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးပေးပြီး ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးကြကာ ဆေးဝါးများနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။ **(ယာပုံ)**

(မြို့နယ်ကျန်းမာရေး)



☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြခန်းဆောင်၌ ခင်းကျင်းပြသလျက်ရှိသော ပြကွက်များကို လိုက်လံကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်သို့ ရောက်ရှိကြရာ ပြခန်းဆောင် အုပ်ချုပ်ရေးမှူး Mr.Xu Hubin က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပြခန်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်(၃၀) အတွင်း စည်ပင်ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်ပြကွက်၊ ရှေးဟောင်း ပန်းချီကားကို အဆင့်မြင့် IT နည်းပညာရပ်အသုံးပြု၍ သက်ဝင်လှုပ်ရှားစေသောပြကွက်၊ သဘာဝ ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေနေထိုင်မှု ပုံသဏ္ဌာန် ပြကွက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြခန်းအုပ်ချုပ်ရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရွှေရောင်ခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဧည့်သည်တော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြခန်းအုပ်ချုပ်ရေးမှူးအား အမှတ်တရလက်ဆောင် ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ထံ ပြခန်းအုပ်ချုပ်ရေးမှူးက ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower သို့ ရောက်ရှိကြရာ Tower အထွေထွေမန်နေဂျာ Mr. Huang Jin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Tower ပေါ်မှနေ၍ ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင် သာယာလှပမှုတို့ကို လည်းကောင်း၊ Tower အတွင်း ရှေးခေတ် တရုတ်လူမျိုးတို့၏ ကျေးလက်နှင့် မြို့ပြလူနေမှုဆိုင်ရာ ပြခန်းကို လည်းကောင်းကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် The Oriental Pearl Tower ရှေ့ခန်းမ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့က Tower အထွေထွေမန်နေဂျာအား အမှတ်တရလက်ဆောင် ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ထံ Tower အထွေထွေမန်နေဂျာက ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်၌ ခင်းကျင်းပြသထားသည့် ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower ကို တွေ့ရစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦး...
နယ်သာလန်နိုင်ငံသံအမတ်ကြ...

နေပြည်တော် စက်...

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နို...
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီ...
လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနို...
အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ...
အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော...
သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး...

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

T & C GROUP CO., LTD. ၏ (၁၁) နှစ်ပြည့် အထိမ်းအမှတ်နှင့် ရန်ကုန်ရင်းလုံဂေါက်သီးရိုက်အသင်း၏ ရိုးရာလမုန့်စားပွဲတော် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း (FMI) ၌ ကျင်းပမည်ဖြစ်သည်။ ဆုပေးပွဲနှင့် ညစာစားပွဲ

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်၌ ပြသထားသည့် ရှေးဟောင်း ပန်းချီကားအား အဆင့်မြင့် IT နည်းပညာရပ်အသုံးပြု၍ သက်ဝင်လှုပ်ရှားစေသော ပြကွက်ကို ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်၌ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

Ori- ...ခန်းမ ...အုပ်၌ ...ထိုးကြ ...မှူးကြီး ...Tower

အထွေထွေမန်နေဂျာအား အမှတ်တရလက်ဆောင် ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ထံ Tower အထွေထွေမန်နေဂျာက ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Tower မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် ရှီကျောင်း နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။
(သတင်းစဉ်)

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်ရှိ ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှု လေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower ပေါ်မှ ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင်သာယာလှပမှုတို့ကို ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)



...စဉ်။
...စဉ်)

သံအမတ်ကြီး ဦးသန့်ကျော်အား နယ်သာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်ကျော်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

T & C GROUP CO., LTD. ၏ (၁၁) နှစ်ပြည့် အထိမ်းအမှတ်နှင့် ရန်ကုန်ရင်းလုံဂေါက်သီးရိုက်အသင်း၏ ရိုးရာလမုန့်စားပွဲတော် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း (FMI) ၌ ကျင်းပမည်ဖြစ်သည်။ ဆုပေးပွဲနှင့် ညစာစားပွဲကို ယင်းကွင်းသစ်၌ ညနေ ၆ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Hole in one ဝင်သူအား Light Truck(1Ton) (2000. modle) ကားတစ်စီးကို ဆုအဖြစ် ချီးမြှင့်မည်ဖြစ်သည်။ Putter ပြိုင်ပွဲကိုလည်း ဂေါက်ပစ္စည်း လေးဆု သတ်မှတ်ချီးမြှင့်မည်ဖြစ်သည့်အပြင် ပြိုင်ပွဲတွင် ဆုရရှိသူများအား T & C ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်၊ မီးစက်၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို နိုဝင်ဘာ ၃၀ ရက်အထိ အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်ဘဒ္ဒန္တသောဘန ဟောကြားတော်မူသော တရားတော်"
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၇)**
- ၈း၄၀ Activities In The City - School of Logistics & Supply Chain Management မှကျင်းပသော Diploma in Shipping Business (UK) အတွက်မိတ်ဆက်ပွဲ -MAMEE ရဲ့ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရွှေ့အရောက်ဆုချီးမြှင့်ပွဲ
- ၉း၁၅ "ဆေးဖက်ဝင်. . . ဝင်ငွေတိုး . . . ဝဥပင်ကိုပျိုး"
- ၉း၃၀ Cartoon Show Time (ARTHUR)
- ၁၀း၁၀ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇာတမွေးနေ့အလှူဆန်း
- ၁၀း၂၅ နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(ပထမပိုင်း) (ပါမောက္ခဒေါက်တာ မြသိန်းဟန်)
- ၁၀း၄၅ Celebrity Style (ဂန္ထဝင်)
- ၁၁း၂၀ International Show Biz
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥခေါက်ဆွဲဝက်သားလုံးနှင့်နိုင်လွန်ပုစွန်)
- ၁၂း၄၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၁း၀၀ "ဆရာတော်ဘဒ္ဒန္တသောဘန ဟောကြားတော်မူသော တရားတော်"
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Shooting Making (အမေ့သားလေးပူတူးတူး ဒီဗွီဒီဇာတ်ကားရိုက်ကွင်း)
- ၂း၄၅ Activities In The City - School of Logistics & Supply Chain Management မှကျင်းပသော Diploma in Shipping Business (UK) အတွက်မိတ်ဆက်ပွဲ
- ၃း၀၅ တေးဂီတအစီအစဉ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၇)**
- ၄း၃၅ "ဆေးဖက်ဝင်. . . ဝင်ငွေတိုး . . . ဝဥပင်ကိုပျိုး"
- ၄း၅၅ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများကိုဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄)**
- ၇း၃၅ Celebrity Choice (ဇော်ပိုင်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သူတို့ဘဝသူတို့ဟာသ (စူပါဘဲတော)
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၈)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ စာအုပ်ပြခန်း (ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင် ထုတ်ဝေသူဦးမြင့်ထွန်းနှင့် တွေ့ဆုံခြင်း)
- ၁၀း၄၅ Activities In The City -MAMEE ရဲ့ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရွှေ့အရောက်ဆုချီးမြှင့်ပွဲ
- ၁၁း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥခေါက်ဆွဲဝက်သားလုံး နှင့်နိုင်လွန်ပုစွန်)
- ၁၁း၁၀ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇာတမွေးနေ့အလှူဆန်း
- ၁၁း၂၅ World of Knowledge (Operation Cruise Ship)
- ၁၂း၁၀ အဆုံးအဖြတ် (ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၂း၂၅ ဘဝများ (တေးသံရှင် R ဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
- ၁၂း၅၅ မြန်မာ့ခြင်းလုံး
- ၁း၀၅ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
- ၁း၃၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁း၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၂း၀၅ မင်းလှရေလှောင်တမံ
- ၂း၁၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၂း၃၅ မျှော်လင့်ခြင်း၏အလင်းရောင်သစ်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ Box Office Movies (300)
- ၄း၃၀ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၄း၅၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အစိုးရအဖွဲ့ -အဖွဲ့ဝင်ဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် Mr. Jiang Chaolian, Vice Chairman and President of China Development Bank (CDB) နှင့် အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် စက်တင်ဘာ ၈ရက် နံနက် ၁၀နာရီခွဲတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ Mr. Jiang Chaolian, Vice Chairman and President of China Development Bank (CDB) နှင့် အဖွဲ့အားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းသည် ညနေ ၃နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming နှင့် အဖွဲ့အားလည်းကောင်း အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စွမ်းအင်

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ China National Off-shore Oil Corporation (CNOOC) ဥက္ကဋ္ဌ Mr. Fu Chen Gyu နှင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် Sinopec International Petroleum Corporation (SIPC) မှ Vice Manager Mr. Li Guohua နှင့် လည်းကောင်း၊ ညနေ ၃နာရီတွင် Petro China Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr. Zhou Jiping နှင့် လည်းကောင်း၊ စက်တင်ဘာ ၉ရက် နံနက် ၈နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr.Jan Gobau နှင့်လည်းကောင်း၊ နံနက် ၉နာရီခွဲတွင် China Huan Qiu Contracting and Engineering Corporation (HQCEC) မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Zhuo Yang နှင့် လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် North Petro-Chem Corporation Ltd. (NPCC) ဥက္ကဋ္ဌ Mr. Li Li နှင့် လည်းကောင်း၊ စက်တင်ဘာ ၁၀ရက် ည ၇နာရီခွဲတွင် GUANGDONG ZHENRONG ENERGY CO., LTD. ဥက္ကဋ္ဌ Dr. SHAOHUI XIONG နှင့်လည်းကောင်း အသီးသီးတွေ့ဆုံ၍ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

ပို့ဆောင်ရေး

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် စက်တင်ဘာ ၉ ရက် နံနက် ၁၁နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ China National Aero-Technology Import & Export Corporation (CATIC) မှ ဒုတိယဥက္ကဋ္ဌ Mr. Yang Ying နှင့် အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် China National Machinery & Equipment Import & Export Corporation (CMEC) မှ ပါမောက္ခ ဝါရင့်အင်ဂျင်နီယာ ပါမောက္ခ Mr. ZHANG MEN QUN နှင့် အဖွဲ့အားလည်းကောင်း အသီးသီးလက်ခံတွေ့ဆုံ၍ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့်ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ ZTE ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Luo Ping Fan နှင့် အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် HUAWEI TECHNOLOGIES ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Tang Xin Hong နှင့် အဖွဲ့အားလည်းကောင်း အသီးသီး တွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိနှင့် Sinopec International Petroleum Corporation (SIPC) မှ Vice Manager Mr. Li Guohua တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် HUAWEI ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Tang Xin Hong နှင့်အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ဆွေးနွေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် China National Machinery & Equipment Import & Export Corporation (CMEC) မှ ပါမောက္ခ ဝါရင့်အင်ဂျင်နီယာ ပါမောက္ခ Mr. ZHANG MEN QUN နှင့် အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဖုန်းအားလုံးကို ငွေဖြည့်ကတ်စနစ်သုံးနိုင်ရန် စတင်စမ်းသပ်၊ အဆင့်မြင့်စင်တာကြီးများတွင် ဖိုင်ဘာဆက်ကြောင်းသစ် စတင်တပ်ဆင်ရန် စီစဉ်၊ အင်းလေးကန်၌ ကြယ်ငါးပွင့်အဆင့် ဟိုတယ်တစ်လုံး ထပ်မံဖွင့်မည်၊ ဉာဏ်တော် ၁၂၉ ပေမြင့်သော မြန်မာနိုင်ငံ၏ အကြီးဆုံးပလ္လင်ပါ ထိုင်တော်မူရုပ်ပွားတော်ကြီး ရာနှုန်းပြည့်နီးပါးပြီးစီး၊ ကျပ်ငါးသိန်းတန်ဖုန်းများ မန္တလေး၌ သုံးရက်အတွင်း လျှောက်ထားရယူနိုင်၊ FM ရေဒီယိုလိုင်းများအားလုံး အွန်လိုင်းမှ နားထောင်နိုင်ရန် ဆောင်ရွက်မည်၊ ဆက်သွယ်ရေးလုပ်ငန်းအားလုံး ထူးကုမ္ပဏီသို့ လွှဲပြောင်းမည့်သတင်း မြန်မာ့ဆက်သွယ်ရေးမှ ငြင်းဆို၊ အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများစာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာနက ကြေညာ၊ ဆီးဂိမ်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် မြန်မာ့စစ်တုရင်ထည့်သွင်းမည်၊ တော်ဝင်ပလာဇာရှိ အလွှာလေးလွှာမှ ဆိုင်ခန်းများကို ငှားရမ်းမည်၊ တရုတ်နိုင်ငံကုမ္ပဏီများမှ ထိပ်တန်းရာထူးများခေါ်ယူမည်ဖြစ်ရာ မြန်မာလူငယ်များ ကြိုတင်ပြင်ဆင်သင့်၊ မင်္ဂလာဈေး မြေညီထပ်မှ ဒုတိယထပ်အထိ ဆိုင်ခန်းများ ပြန်လည်ရောင်းချခွင့်ပြုမည်၊ မြန်မာ့ပထမဆုံး ရုပ်ရှင်ရုံနှစ်ရုံပါသော Junction Centre (Maw Tin) ကို ယခုလ ၁၈ ရက်၌ ဖွင့်လှစ်မည်၊ နေလုံးကြီး၏ ရောင်ခြည် ပေါက်ကွဲမှုကြောင့် နော်ဝေတွင် ထူးဆန်းသော အလင်းတန်းများဖြစ်ပေါ်၊ မြေအောက် ပေ ၂၃၀၀ ၌ ပိတ်မိနေသော ချီလီမိုင်းတွင်း အလုပ်သမားများ ဘောလုံးပွဲ တိုက်ရိုက်ကြည့်ရှုခွင့် ရရှိသည့်အပြင် စီးကရက်နှင့် လျှပ်စစ်ပါရပြီ၊ ကမ္ဘာ့စီးပွားရေး အတိုးတက်ဆုံးနိုင်ငံများထဲတွင် စင်ကာပူ တတိယနေရာရရှိ၊ တရုတ်နိုင်ငံသားက ခြေရောလက်ပါကြိုးတုပ်ပြီး အဝေးဆုံးသို့ ရေကူးပြသည့် ကမ္ဘာ့စံချိန်တင်မည်၊ ချီလီနိုင်ငံသားနှစ်ဦး မြေပြင်ထက်၌ မိနစ် ၂၀၀ ကျော်ပျံဝဲပြ၊ အိန်ဂျယ်လီနာဂျိုလီ ပါကစ္စတန်ရေဘေးဒုက္ခသည်များနှင့် သွားရောက်တွေ့ဆုံ၊ တရုတ်ဘီလျံနာက သူပိုင်ဆိုင်သမျှ ငွေကြေးအားလုံးလှူဒါန်း၊ အရပ် ၂၇ လက်မရှိသည့် ကိုလံဘီယာနိုင်ငံသားကို ကမ္ဘာ့အပုဆုံးလူသားအဖြစ် ဂင်းနက်စ်အဖွဲ့က သတ်မှတ်၊ လူ၏စိတ်ထဲ၌ တွေးတောနေသည့်အရာကို ဖော်ပြနိုင်သည့် ကွန်ပျူတာ ထွက်ပေါ်လာ၊ ကားမောင်း၍ မရအောင် ရင်သားများကြီးလွန်းသဖြင့် ဝိတ်လျှော့ခဲ့ရ . . . " စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများ နှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO., LTD. နှင့် ရှန်းကျန့်ပြတိုက်တို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့ လိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO.,LTD. နှင့် ရှန်းကျန့်ပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO.,LTD. မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေးပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။(အပေါ်ပုံ) (သတင်းစဉ်)